OECD
MasterClass
Risk-Based
Due Diligence
for RBC
Asia

# အလေးထားစိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ ဝေါဟာရစာရင်း ...... ဘာကို ဆိုလိုတာလဲ။

**နောက်ခံအကြောင်းအရာ**

The *OECD Due Diligence Guidance for Responsible Business Conduct* (OECD Guidance for RBC)ဟု ခေါ်ဆိုသည့် RBC အတွက် OECD လမ်းညွှန်သည် တာဝန်ယူမှု ရှိသော လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ အလေးထား စိစစ်ဆောင်ရွက်မှု( due diligence for Responsible Business Conduct (RBC)ကို နားလည်ပြီးနောက်၊ နိုင်ငံစုံ လုပ်ငန်းကြီးများ အတွက် အိုအီးစီဒီ လမ်းညွှန်များ( OECD Guidelines for Multinational Enterprises (OECD Guidelines for MNEs))တွင် ကြိုတင်မြော်မြင်ကာ ဖော်ပြထားသည့်အတိုင်း အကောင်အထည်ဖော်ရန်အတွက် အထောက်အကူ ပြုသည်။ RBC အတွက် OECD လမ်းညွှန် (The OECD Guidance for RBC) သည် လက်တွေ့တွင် RBC အတွက် အလေးထားစိစစ်ဆောင်ရွက်မှုကို မည်သို့ဆောင်ရွက်ရမည်ကို အစိုးရများနှင့် အကျိုးဆက်စပ်သူများအကြား နားလည်မှု တစ်ထပ်တည်း ကျစေရန် အားပေးမြှင့်တင်သည်။

နိုင်ငံစုံတွင်လုပ်ကိုင်သည့် လုပ်ငန်းကြီးများ အတွက် OECD လမ်းညွှန် (The OECD Guidelines for MNEs) သည် စီးပွားလုပ်ငန်းများက မိမိတို့၏ အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် အလေးထား စိစစ်ဆောင်ရွက်မှု ၏ လက္ခဏာများ၊ သီးခြားအစီအမံများ နှင့် လုပ်ငန်းစဉ်များကို ပြောင်းသာပြင်သာရှိစေသည့် လမ်းညွှန်များဖြစ်သည်။ သို့ဖြစ်ရာ၊ စီးပွားလုပ်ငန်းများသည် မိမိတို့နှင့် လိုက်လျောညီထွေရှိမည့် အလေးထားစိစစ် ဆောင်ရွက်မှု စနစ်များနှင့် လုပ်ငန်းစဉ်များ ချမှတ်ရန် နှင့် ခိုင်မာအားကောင်းစေရန် အတွက် OECD Guidance for RBC ကို မူဘောင်တစ်ရပ်အဖြစ် အသုံးပြုသင့်သည်။ လိုအပ်သလို ထပ်မံ အသေးစိတ်လေ့လာနိုင်ရန်လည်း နောက်ထပ် ရင်းမြစ်များကို ရှာဖွေနိုင်မည်။

အောက်ပါ စာမျက်နှာနံပါတ်အားလုံးသည် OECD Guidance for RBC ၏ အင်္ဂလိပ် ဘာသာ မူရင်းကို ကိုးကားထားသည်။

**၁။ အလေးထားစိစစ်ဆောင်ရွက်မှု** (Due diligence)

စီးပွားလုပ်ငန်းများက မိမိတို့လုပ်ငန်း၊ လုပ်ငန်းကွင်းဆက်များနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများအတွင်း အမှန်တကယ်ဖြစ်ပွားနေသော၊ ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးရိုက်ခတ်မှု များကို ဖော်ထုတ်၊ အကဲဖြတ်၊ တားဆီး၊ လျော့ကျစေပြီး၊

OECD
BETTER POLICIES FOR BETTER LIVES

With funding by the European Union

ထိုရိုက်ခတ်မှုများအား ဖြေရှင်းပုံကို OECD Guidelines for MNEs ၌ အကြံပြုထားသည့်အတိုင်း တာဝန်ခံနိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

အချက်အလက်ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ရှိ နိဒါန်းပိုင်း [စာမျက်နှာ ၁၅-၁၉] ကို ကြည့်ပါ။

**၂။ အန္တရာယ်များနှင့် ဆိုးကျိုးရိုက်ခတ်မှုများ** (Risks and Adverse impacts)

အလေးထား စိစစ်ဆောင်ရွက်မှု သည် OECD Guidelines for MNEs တွင် ပြည့်စုံစွာ ဖော်ပြထားသည့် ခေါင်းစဉ်များဖြစ်သော အလုပ်သမားများနှင့် လုပ်ငန်းစုဆိုင်ရာ ဆက်ဆံရေး အပါအဝင် လူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်၊ လာဘ်ပေး လာဘ်ယူမှုနှင့် အဂတိလိုက်စားမှု၊ ဖော်ထုတ်ပြောကြားမှုနှင့် စားသုံးသူ အကျိုးစီးပွားတို့-နှင့် စပ်လျဉ်း၍ အမှန်တကယ်ဖြစ်ပွားနေသော၊ ဖြစ်ပွားနိုင်ခြေရှိသော ဆိုးကျိုးရိုက်ခတ်မှုများ (အန္တရာယ်များ) ကို ဖြေရှင်းပေးသည်။

စီးပွားလုပ်ငန်း အများအပြားအတွက် “အန္တရာယ်” ဆိုသည့် စကားရပ်ကို လုပ်ငန်းအပေါ် ကျရောက်သည့် အန္တရာယ်များ- ငွေကြေး ဆုံးရှုံးနိုင်ခြေများ၊ ဈေးကွက် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ၊ လုပ်ငန်းလည်ပတ်မှုအတွင်း ဆုံးရှုံးနိုင်ခြေအန္တရာယ်များ၊ လုပ်ငန်းဂုဏ်သိက္ခာ ညှိုးနွမ်းနိုင်သည့် အန္တရာယ်များ- ဟူ၍ ဦးစွာ မြင်တတ်ကြသည်။ ဈေးကွက်အတွင်း ၎င်းတို့၏ လုပ်ငန်းပြိုင်ဖက်များနှင့် စာလျှင် ၎င်းတို့၏ အနေအထား၊ ၎င်းတို့၏ ပုံရိပ်နှင့် ရေရှည် ရပ်တည်နိုင်မှုတို့ကိုသာ စိတ်ဝင်စားမှုရှိကြသဖြင့်၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ကြည့်ကြသည့်အခါ၊ ၎င်းတို့အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကိုသာ မြင်လေ့ရှိကြသည်။ OECD Guidelines for MNEs များအရ မူ၊ အန္တရာယ်ဆိုသည်မှာ စီးပွားလုပ်ငန်းများကြောင့်၊ ၎င်းတို့၏ ပံ့ပိုးမှုကြောင့်၊ သို့မဟုတ် ၎င်းတို့နှင့် တိုက်ရိုက်ဆက်နွှယ်သောကြောင့် လူများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် ကျရောက်နိုင်ခြေရှိသည့် ဆိုးကျိုးရိုက်ခတ်မှုများကို ရည်ညွှန်းသည်။ တနည်းအားဖြင့်ဆိုသော်၊ ပြင်ပသို့ ကျရောက်နိုင်သည့် အန္တရာယ်ကို မျက်နှာမူ ကြည့်သည့် ချဉ်းကပ်ပုံဖြစ်သည်။ စီးပွားလုပ်ငန်းများသည် တစ်ဖက်တွင် OECD Guidelines for MNEs တွင် အကြံပြုချက်များနှင့် နောက်တစ်ဖက်တွင် ၎င်းတို့၏ စီးပွားလုပ်ငန်းများ၊ ပေးသွင်းမှု ကွင်းဆက်များ သို့မဟုတ် စီးပွားဆက်ဆံသည့်လုပ်ငန်းများ အကြား ခြားနားချက်များကို ကြည့်ခြင်းအားဖြင့် RBC အရေးကိစ္စများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို ဖော်ထုတ်နိုင်သည်။

ထပ်မံသိရှိလိုလျှင် OECD Guidance for RBC ရှိ အကွက် ၁ [ စာမျက်နှာ ၁၅]၊ မေးခွန်း ၁၊ စာမျက်နှာ [၃၈-၄၀ ] နှင့် မေးခွန်း ၂၀ [စာမျက်နှာ ၆၂-၆၃ ]တို့ကို ကြည့်ပါ။

**၃။. အန္တရာယ်အခြေပြု အလေးထား စိစစ်ဆောင်ရွက်မှု** (Risk-based due diligence)

အလေးထား စိစစ်ဆောင်ရွက်မှု (Due diligence) သည် အန္တရာယ်အခြေပြုဆောင်ရွက်ခြင်းဖြစ်သည်။ စီးပွားလုပ်ငန်းတစ်ခုမှ အလေးထား စိစစ်ဆောင်ရွက်မှု ဆောင်ရွက်ရန် ချမှတ်သည့် အစီအမံများသည် ဆိုးကျိုးရိုက်ခတ်မှုများ၏ ဆိုးရွားမှု အတိုင်းအတာနှင့် ဖြစ်နိုင်ခြေတို့နှင့် အချိုးညီစေသင့်သည်။ ဖြစ်နိုင်ခြေနှင့် ဆိုးရွားမှုအတိုင်းအတာ မြင့်လျှင် အလေးထား

စိစစ်ဆောင်ရွက်မှု ကိုလည်း ပိုမိုကျယ်ပြန့်စွာ ချမှတ်ဆောင်ရွက်သင့်သည်။ အလေးထား စိစစ်ဆောင်ရွက်မှု ကို လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုစသည့် RBC အရေးကိစ္စများအပေါ် ဆိုးကျိုးရိုက်ခတ်မှု၏ သဘောသဘာဝ အရလည်း လိုက်လျောညီထွေ ချိန်ညှိသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အချို့အန္တရာယ်များအား ချဉ်းကပ်ပုံကို လိုက်လျော ညီထွေ ချိန်ညှိခြင်း၊ အလေးထား စိစစ်ဆောင်ရွက်မှု လုပ်ဆောင်ရာတွင် ကျား-မ ရှုဒေါင့်မှ ကျင့်သုံးခြင်းကဲ့သို့သော အုပ်စု အမျိုးအစားအသီးသီးအား သက်ရောက်သည့် ရိုက်ခတ်ပုံမတူညီမှုများကို စဉ်းစားလုပ်ဆောင်ခြင်းများ ပါဝင်သည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ရှိ အလေးထား စိစစ်ဆောင်ရွက်မှု ၏ လက္ခဏာများ [စာမျက်နှာ ၁၇]၊ မေးခွန်း ၃ နှင့် ဇယား ၃_ အတိုင်းအတာ၊ ကြီးမားမှု နှင့် ကုစား၍ မရနိုင်သော လက္ခဏာ [စာမျက်နှာ ၄၂-၄၅]ကို ကြည့်ပါ။

### ၄။ **တိုက်ရိုက်ဆက်နွှယ်မှု** (Directly linked)

တိုက်ရိုက်ဆက်နွှယ်မှု("Linkage") ဆိုသည်မှာ ဆိုးကျိုးရိုက်ခတ်မှု နှင့် အခြားအဖွဲ့ (ဥပမာ- မိမိနှင့် စီးပွား ဆက်ဆံသည့်လုပ်ငန်း)မှတဆင့် မိမိ၏ စီးပွားလုပ်ငန်း၏ ကုန်စည်၊ ဝန်ဆောင်မှုများ သို့တည်းမဟုတ် လုပ်ငန်း လည်ပတ်မှုများ အကြား ဆက်နွှယ်မှုကို ဆိုလိုသည်။ တိုက်ရိုက်ဆက်နွှယ်မှု"Directly linked" ဆိုသည်မှာစာချုပ်စာတမ်းဖြင့် လုပ်ငန်း ဆက်ဆံမှု တိုက်ရိုက်ဆက်နွှယ်မှုကို မဆိုလိုပါ (ကုန်စည်/ကုန်ကြမ်းကို တိုက်ရိုက်ရှာဖွေဝယ်ယူခြင်း)။ ဥပမာ- စီးပွားလုပ်ငန်း တစ်ခုက မိမိ၏ ထုတ်ကုန်များအတွက် ဝယ်ယူအသုံးပြုသည့် ကိုဖော့သတ္တုသည် ကလေးလုပ်သား အသုံးပြု ခိုင်းစေသည့် ကိုဖော့ သတ္တုတွင်းလုပ်ငန်းတစ်ခု မှ ဖြစ်လျှင်၊ ထို စီးပွားလုပ်ငန်းသည် ဆိုးကျိုးရိုက်ခတ်မှု (ဆိုလိုသည်မှာ- ကလေးလုပ်သား စေခိုင်းမှု) နှင့် တိုက်ရိုက်ဆက်နွှယ်မှုရှိသည်။ ဤဖြစ်စဉ်တွင် ဆိုးကျိုးရိုက်ခတ်မှုသည် စီးပွားလုပ်ငန်းကြောင့် မဟုတ်သကဲ့သို့ ထိုလုပ်ငန်းက ပံ့ပိုးသောကြောင့်လည်း မဟုတ်သော်လည်း ထိုစီးပွားလုပ်ငန်း၏ ထုတ်ကုန်များနှင့် ကိုဖော့သတ္တု ရှာဖွေ တူးယူသည့် လုပ်ငန်းများ (သတ္တု အရည်ကြိုသည့်လုပ်ငန်း၊ သတ္တု ကုန်သည်၊ နှင့် ကလေးလုပ်သား အသုံးပြု၍ သတ္တုတွင်း လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်း) နှင့် စီးပွားရေးအရ ဆက်ဆံမှုရှိခြင်းဖြင့် ဆိုးကျိုးရိုက်ခတ်မှုနှင့် တိုက်ရိုက် ဆက်နွှယ်မှု ရှိနိုင်သည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ၏ မေးခွန်း ၂၉၊ စာမျက်နှာ [၇၀-၇၁] ကိုကြည့်ပါ။

### ၅။ **တိုင်တန်းရေးယန္တရား** (Grievance mechanism)

The UN Guiding Principles on Business and Human Rights က တိုင်တန်းရေးယန္တရားကို "မည်သည့် လုပ်ရိုးလုပ်စဉ်အဖြစ်လုပ်ဆောင်လျက်ရှိသည့်၊ အစိုးရ သို့မဟုတ်အစိုးရ မဟုတ်သည့် လုပ်ငန်းစဉ်ဖြင့် ဖြစ်စေ၊ တရားရုံး သို့မဟုတ် တရားရုံးမဟုတ်သည့် လုပ်ငန်းစဉ် ဖြင့် ဖြစ်စေ စီးပွားလုပ်ငန်းနှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် တိုင်တန်းမှုများကို တင်ပြပြီး ကုစားမှု ပြုနိုင်သည့် လုပ်ငန်းစဉ်[1]" ဟူ၍ ရည်ညွှန်းသည်။ OECD Guidelines for MNEs အရ၊ တိုင်တန်းရေး ယန္တရားကို အချို့ လုပ်ငန်းဆောင်တာများ လည်ပတ်မှုများမှ ဆိုးကျိုးရိုက်ခတ် ခံရသည့် လူတစ်ဦးချင်း သို့မဟုတ် အုပ်စုများက အသုံးပြု တိုင်တန်းနိုင်သည်။ စီမံကိန်း၊ ကုမ္ပဏီ၊ လုပ်ငန်းကဏ္ဍ၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့်

အစိုးရများ အကြား တိုင်တန်းရေး ယန္တရားများ အသီးသီး ကျယ်ပြန့်စွာ ရှိကြသည်။ ထိုသို့ လူတိုင်း တိုင်တန်းနိုင်သည့် ယန္တရားများသည် တရားဝင်မှုရှိသည်၊ အလှမ်းမီမှု၊တစ်ဆင့်ပြီးတစ်ဆင့် ကြိုတင်ခန့်မှန်းနိုင်မှု၊ သာတူညီမျှ ရှိမှု၊ OECD Guidelines for MNE များ နှင့် သဟဇာတ ရှိမှု၊ ပွင့်လင်းမြင်သာမှု နှင့် ပြောဆိုတိုင်ပင်မှု ရှိသည် ဆိုသည့် အခြေခံ သတ်မှတ်စံများနှင့် ပြည့်မီသည်။

ဥပမာအားဖြင့် ဥပဒေကြောင်းများအရ တရားစွဲဆိုခြင်း၊ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းစသည့် ဥပ ဒေ လုပ်ငန်းစဉ်များမှာ နစ်နာမှုများ ကုစားနိုင်သည့် နိုင်ငံတော် အခြေပြု လုပ်ရိုးလုပ်စဉ် များဖြစ်သည်။ တရားရုံးမပါသည့် အစိုးရ ယန္တရားများကို ဥပမာပေးရလျှင် အထူးပြု အစိုးရအဖွဲ့များ၊ စားသုံးသူ ကာကွယ်ရေး အေဂျင်စီများ၊ စည်းကမ်းကြီးကြပ်ရေးအဖွဲ့များ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီများနှင့်တကွ OECD Guidelines for MNE အတွက် နိုင်ငံအဆင့် ဆက်သွယ်ရန်ဌာနများ ဖြစ်သည်။

ထပ်မံ သိရှိလိုလျှင် OECD Guidance for RBC ရှိ မေးခွန်းအမှတ် ၅၁၊ ၅၁၊ ၅၃ နှင့် ၅၄ [စာမျက်နှာ ၈၉-၉၁] နှင့် *OECD Due Diligence Guidance for Responsible Supply Chains in the Garment and Footwear Sector အခန်း* (I )[စာမျက်နှာ ၉၅] တို့ကိုကြည့်ပါ။ //

**၆။. အကျိုးဆက်စပ်သူများနှင့် အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ ဆောင်ရွက်မှု** (Meaningful stakeholder engagement)

အကျိုးဆက်စပ်သူများ ဆိုရာတွင် စီးပွားလုပ်ငန်းနှင့် ၎င်း၏ စီးပွားဆက်ဆံသည့်လုပ်ငန်းများမှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ရိုက်ခတ်ခံရနိုင်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ ပါဝင်သည်။ အကျိုးဆက်စပ်သူများ နှင့် အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ ဆောင်ရွက်မှု ဆိုသည်မှာ နှစ်လမ်းသွား ဆက်သွယ်ရေးဖြစ်ပြီး၊ နှစ်ဖက်လုံးတွင် ပါဝင်သူများ၏ သဘောရိုးဖြင့် ထိတွေ့ဆောင်ရွက်မှု အပေါ် မူတည်သည်။ ထိုသို့ဆောင်ရွက်သည့်အခါ တုံ့ပြန်မှုလည်းရှိသည်၊ စဉ်ဆက်မပြတ်လည်းဆောင်ရွက်သည်၊ အခြေအ နေ အတော်များများ တို့တွင် ဆုံးဖြတ်ချက်များ မပြုလုပ်သေးမီ သက်ဆိုင်သည့် အကျိုးဆက်စပ်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်။

ထပ်မံသိရှိလိုလျှင် OECD Guidance for RBC ရှိ မေးခွန်း ၉၊၁၀ နှင့် ၁၁ [စာမျက်နှာ ၄၉-၅၁] နှင့် the *OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector* တို့ကို ကြည့်ပါ။ ဤစာတမ်းမှာ သတ္တုတွင်းကဏ္ဍရှိ ကုမ္ပဏီများအတွက် အဓိက ပြုစုထားသော်လည်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ သင်ခန်းစာ များနှင့် အကြံပြုချက်များသည် ကဏ္ဍအားလုံးနှင့် အတော်များများ အကျုံးဝင်သည်။

**၇။ အရှိန်အဝါ** (leverage)

အန္တရာယ် ဖြစ်စေသည့် လုပ်ငန်း၏ မှားယွင်းသော လုပ်ရပ်များကို ပြောင်းလဲနိုင်သည့် စွမ်းရည်ရှိသည့် စီးပွားလုပ်ငန်းသည် အရှိန်အဝါရှိသည်ဟု ယူဆသည်။ စီးပွားရေးလုပ်ငန်းများသည် မိမိနှင့် စီးပွားဆက်ဆံသည့်လုပ်ငန်းများကြောင့် မိမိတို့၏

လုပ်ငန်း လည်ပတ်မှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်ဆက်နွှယ်သည့် ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးရန် သို့မဟုတ် လျော့ကျစေရန် ကြိုးပမ်းရာတွင်ယင်းစီးပွားဆက်ဆံသည့်လုပ်ငန်းများအား ထိုဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးရန် သို့မဟုတ် လျော့ကျစေရန် မိမိ၏ အရှိန်အဝါသုံးရန် မျှော်လင့်ရသည်။

စီးပွားလုပ်ငန်းအနေနှင့် အရှိန်အဝါ သုံးမည့်ပုံမှာ ဖြစ်ပွားသည့် ဆိုးကျိုးရိုက်ခတ်မှု၊ မိမိနှင့် စီးပွားဆက်ဆံသည့်လုပ်ငန်းအပေါ် ရှိသည့် အရှိန်အဝါ အတိုင်းအတာ၊ နှင့် ကဏ္ဍအလိုက်၊ စီးပွားဆက်ဆံသည့်လုပ်ငန်း၏ သဘောသဘာဝအလိုက် သီးခြားရှိသည့် အခြား လက္ခဏာများအပေါ် မူတည်လိမ့်မည် ဖြစ်သည်။ ဥပမာ- ကုမ္ပဏီများသည် မိမိတို့နှင့် စီးပွားဆက်ဆံသည့် လုပ်ငန်းများ (ပေးသွင်းသူများ)အား ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးရန်၊ လျှော့ချရန်အတွက် စာ၊အီးမေးလ်၊တယ်လီဖုန်းများ ဖြင့် ဖြစ်စေ တိုက်တွန်းခြင်း၊ လုပ်ငန်းလည်ပတ်မှုအပိုင်းရှိ စီမံခန့်ခွဲသူများ၊ အကြီးတန်း စီမံခန့်ခွဲသူများနှင့်/သို့မဟုတ် ဘုတ်အဖွဲ့ဝင် များနှင့်ဖြစ်စေ မိမိတို့၏ အမြင်ကို ဖော်ပြနိုင်ရန်အတွက် ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။ ကုမ္ပဏီများသည် စီးပွားရေး စာချုပ်များအတွင်း RBC နှင့် အလေးထား စိစစ်ဆောင်ရွက်မှု အပေါ် မျှော်လင့်ချက်များကို ထည့်သွင်းချုပ်ဆိုခြင်း သို့မဟုတ် ကာလရှည် စာချုပ်များ၊ ပေးချေမှု စည်းကမ်းများနှင့် နောက်ထပ် အမှာစာများအပေါ် RBC စွမ်းဆောင်မှုများဖြင့် ဆွဲဆောင်ကာ ကတိကဝတ်ပြုခြင်းများဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်သည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ရှိ မေးခွန်း ၃၅၊ ၃၆ နှင့် ၃၇ ကို [စာမျက်နှာ ၇၇-၇၉] တွင် ကြည့်ပါ။

**၈။ ထိန်းချုပ်ပွိုင့်များ/ ချုပ်ပွိုင့်များ** (Control point/choke points)

ထိန်းချုပ်ပွိုင့်များ သို့မဟုတ် ချုပ်ပွိုင့်ရှိ စီးပွားလုပ်ငန်းများသည် စားသုံးသူများ သို့မဟုတ် နောက်ဆုံးအဆင့် အသုံးပြုသူများနှင့် ပိုမို နီးစပ်သည့် စီးပွားလုပ်ငန်းများထက်၊ လုပ်ငန်းကွင်းဆက်အထက်ပိုင်းကျသော ၄င်းတို့အား ပေးသွင်းသူများနှင့် စီးပွား ဆက်ဆံလုပ်ငန်းများအပေါ် ပို၍ ထင်သာမြင်သာရှိစေသည့်၊ အရှိန်အဝါရှိသည်။

ထိုလုပ်ငန်းများတွင် အောက်ပါ လက္ခဏာများ ရှိကြသည်-

- ပုံစံပြောင်းလဲသည့် ပွိုင့်- ထိုလုပ်ငန်းများသည် လုပ်ငန်းကွင်းဆက်များအတွင်း ခြေရာကောက်သည့် အချက်အလက် များ သို့မဟုတ် chain of custody အချက်အလက်များ ပေါင်းစည်းသွားနိုင်မည့် သို့မဟုတ် ပျောက်ကွယ်နိုင်မည့် အဓိက ပွိုင့်များ၌ တည်ရှိကြသည်။
- အရေအတွက်နည်းသည်- လုပ်ငန်းကွင်းဆက်အတွင်းရှိ ဤပွိုင့်တွင် လုပ်ငန်းကွင်းဆက် အထက်သို့ သော်လည်း ကောင်း၊ အောက်သို့ သော်လည်းကောင်း ဖြတ်သွားသည့် ဖြည့်သွင်းမှု အများစုကို လုပ်ဆောင်သည့်၊ ကိုင်တွယ်သည့် လုပ်ငန်းအနည်းငယ်သာရှိသည်။
- အရှိန်အဝါအားကောင်းသည်- လုပ်ငန်းကွင်းဆက်၏ အဆုံးပိုင်းတွင် တည်ရှိသည့် လုပ်ငန်းများ (အစုန်လမ်းကြောင်း) ၏ အရှိန်အဝါ အားအကောင်းဆုံး ပွိုင့်ဖြစ်သည်။

- ဤပွဲ၌တွင် စာရင်းစစ်ဆေးမှုများ လုပ်ဆောင်သည်- ဤစနစ်များအား အရှိန်အဝါသက်ရောက်စေပြီး နှစ်ကြိမ်ထပ်စစ်ဆေးမှု ရှောင်ရန် အစီအစဉ်များနှင့် စစ်ဆေးရေးလုပ်ငန်းများ ရှိနှင့်ပြီး ပွဲ၌များ ဖြစ်သည်။

ထိုထိန်းချုပ်ပွဲ၌များသည် ဥပမာအားဖြင့် ချည်နှင့် ရာဘာ လုပ်ငန်းကွင်းဆက်များအတွက် ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းများ ပါဝင်သည်- လူလုပ်ဖိုင်ဘာများလုပ်သည့် လုပ်ငန်းကွင်းဆက်များအတွက် ဓာတု စက်ရုံများ၊ သတ္တုအရည်ဖျော်သည့်လုပ်ငန်းများနှင့် သတ္တု လုပ်ငန်းကွင်းဆက်များ ချက်လုပ်သည့် စက်ရုံများ၊ ကော်ဖီလုပ်ငန်း ကွင်းဆက်များအတွက် ကော်ဖီ ဖလှယ်ရေး လုပ်ငန်းများဖြစ်သည်။ လုပ်ငန်းကွင်းဆက်များတွင် ထိန်းချုပ်ပွဲ၌ တစ်ခုမက ရှိနိုင်သည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ရှိ အကွက် ၅ ကို [စာမျက်နှာ ၆၉ ]နှင့် the *OECD Due Diligence Guidance for Responsible Supply Chains in the Garment and Footwear Sector* ရှိ အကွက် ၃ ကို [စာမျက်နှာ ၆၀-၆၁] တွင် ကြည့်ပါ။

**၉။ တားဆီးကာကွယ်ခြင်း** (Prevention)

တားဆီးကာကွယ်ခြင်းဆိုသည်မှာ ဘေးအန္တရာယ်များ ဖြစ်ပွားခြင်း သို့မဟုတ် ထပ်မံဖြစ်ပွားခြင်း မဖြစ်စေရန် တားဆီးကာကွယ်ရန် လုပ်ဆောင်ချက်များကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဘေးအန္တရာယ် မကျရောက်မီ တားဆီး ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်းဖြစ်သည်။

ဥပမာ- လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းနှင့် စပ်လျဉ်း၍၊ ဘေးအန္တရာယ်များ ဖယ်ရှားခြင်းသည် အစပထမကပင်၊ အနာတရ ဖြစ်ခြင်းနှင့် ကျန်းမာရေး ထိခိုက်ခြင်းတို့ မဖြစ်ပွားစေရန် အကောင်းဆုံး ကာကွယ်နည်းများဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ရှိမေးခွန်း ၃၂ ကို [စာမျက်နှာ ၇၄] တွင် ကြည့်ပါ။

**၁၀။. အန္တရာယ်လျော့ကျစေခြင်း** (Mitigation)

ဆိုးကျိုးရိုက်ခတ်မှု ဖြစ်ပွားလျှင် ဘေးအန္တရာယ် ပပျောက်စေရန် သို့မဟုတ် ဖယ်ရှားရန် လုပ်ဆောင်ချက်များကို ဆိုလိုသည်။ လျော့ကျစေသည့် အစီအမံများကို ဖြစ်ရပ် မတိုင်မီ၊ ဖြစ်နေချိန် သို့မဟုတ် ဖြစ်ပြီးချိန်တွင် ဘေးအန္တရာယ်အတိုင်းအတာကို လျှော့ချရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

ဥပမာ- ရေသန့်စင်ရေး လုပ်ငန်းစဉ်များဖြင့် ရေအတွင်းရှိ အညစ်အကြေးများလျော့ဆင်းစေခြင်းဖြင့် ရေညစ်ညမ်းမှုကြောင့် ရိုက်ခတ်မှု များကို လျော့ကျစေနိုင်သည်။

ထပ်မံသိရှိလိုလျှင် OECD Guidance for RBC ရှိ မေးခွန်း ၃၂ ကို [စာမျက်နှာ ၇၄ တွင်] ကြည့်ပါ။

**၁၁။. နစ်နာမှုကို ကုစားခြင်း** (Remediation)

နစ်နာမှုများကို ကုစားခြင်း "Remediation" နှင့် "remedy" ဆိုသည်မှာ ဆိုးကျိုးရိုက်ခတ်မှုတစ်ခုအတွက် ကုစားမှု ပေးသည့် လုပ်ငန်းစဉ်များနှင့် ထိုဆိုးကျိုးရိုက်ခတ်မှုကို တန်ပြန်ဆောင်ရွက်နိုင်သည့်၊ သို့မဟုတ် "ပြန်လည်ကောင်းမွန်အောင် ပြုပြင်နိုင်သည့်" အကောင် အထည်ပေါ်မည့် ရလဒ်များ (ဥပမာ- လျော်ကြေး)ကို ဆိုလိုသည်။

နစ်နာမှုကို ကုစားခြင်း ဆိုသည်မှာ အဓိကအားဖြင့် စီးပွားလုပ်ငန်းတစ်ခု၏ လုပ်ငန်းဆောင်တာများကြောင့် ဆိုးကျိုး ကျရောက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများကို ရိုက်ခတ်မှု မဖြစ်ပွားခဲ့စဉ်က အခြေအနေသို့ပြန်ရောက်ရောက်ရှိ ရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် မဖြစ်နိုင်ပါက၊ နစ်နာကြေးပေးခြင်း သို့မဟုတ် အခြား ကုစားသည့် နည်းများဖြင့် ဖြစ်ပွားစေသည့် ဘေးအန္တရာယ်ကို ကျေရာကျေကြောင်း ကြိုးပမ်းမှုများပြုလုပ်နိုင်သည်။

ထပ်မံသိရှိလိုလျှင်၊ OECD Guidance for RBC ၏ မေးခွန်း ၄၉ နှင့် ၅၀ ကို [စာမျက်နှာ ၈၈]တွင် ကြည့်ပါ။